（参考译文）

# 关于参加2022年第（57）届缅甸珠宝玉石展会的通告

1. 2022年第（57）届缅甸珠宝玉石展，将于2022年4月22日至28日，在缅甸内比都的玛尼翡翠厅举行；缅甸玉石珠宝经销公司通报我馆并委托我馆代为邀请中国的企业家参会，故此通报提醒。

2. 希望参加上述展会的诸企业家，自2022年4月10日开始，可以由如下网站（www.mge.gov.mm）下载填写参会申请表格并注册；如需在线（online）申请，将与缅甸计算机有限公司协商，在缅甸玉石珠宝经销公司的网站（www.mge.gov.mm），给与办理在线预登记（Pre-Registration System）工作。

3. 故此，对于有兴趣参加上述展会者，请最迟于2022年4月10日，北京时间下午（14:00）时前，联系通报我缅甸驻华大使馆商务处（邮箱：ec.bejing@myantrade.gov.mm/传真：65320408）并给与提供如下信息：

   Chinese Name (中文姓名):
   English Name (英文姓名):
   ID Number(身份证号码):
   Passport No. (护照号码):
   E-mail(电子邮箱):
   Address(联系地址):
   Phone number(电话号码):

缅甸驻华大使馆商务处
2022年04月6日

## ၂၀၂၂ ခုနှစ်၊ (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပါဝင်တက်ရောက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့မှ (၂၈) ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ၂၀၂၂ ခုနှစ်၊ (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ဖိတ်ကြားပေးပါရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကြောင်းကြားလာပါသဖြင့် ဆက်လက်အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်လိုသည့်လုပ်ငန်းရှင်များသည် (၁၀-၄-၂၀၂၂)ရက်နေ့မှစတင်၍ ပြပွဲဝင်ခွင့်ပုံစံများအား **www. mge.gov.mm** တွင် Download ရယူ၍ ကိုယ်တိုင်ဖြည့်စွက်မှတ်ပုံတင်နိုင်ပါရန်နှင့် Online မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website ဖြစ်သည့် **www.mge.gov.mm**, On-line Pre- Registration System တွင် ဝင်ရောက်လျှောက်ထားနိုင်ရန် မြန်မာကွန်ပြူတာကုမ္ပဏီလီမိတက်နှင့် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် မြန်မာသံရုံး၊ ပေကျင်းမြို့၊ စီးပွားရေးဌာန(email: ec.bejing@myantrade.gov.mm/ Fax Number: 65320408)ထံသို့ (၁၀-၄-၂၀၂၂)ရက်နေ့၊ ပေကျင်းစံတော်ချိန်(၁၄:၀၀)နာရီ၊ နောက်ဆုံးထား၍ အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ အကြောင်းကြားပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

Chinese Name:

English Name:

ID number:

Passport No:

E-mail:

Address:

Phone number:

မြန်မာသံရုံး၊ ပေကျင်းမြို့၊ စီးပွားရေးဌာန
၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်

The Government of the Republic of the Union of Myanmar

Ministry of Natural Resources and Environmental Conservation

**Central Committee for Holding Myanmar Gems Emporium**

**The Information on 57th Myanmar Gems Emporium, 2022**

1. The significant **57th Myanmar Gems Emporium,** under the supervision of the Ministry of Natural Resources and Environmental Conservation, will be held on April 22 to 28 , 2022 at Maniradana Jade Hall in Nay Pyi Taw.

2. Genuine Myanmar Pearl lots will be sold in US Dollars (USD) but payment for pearl lots shall be made in US Dollars (USD) or Chinese currency RMB (Yuan).

3. Gems and Jade lots will be sold in Euro currency at the Emporium. Payment for gems and jade lots shall be made in Euro or US Dollars (USD) or Chinese currency RMB (Yuan).

4. Pearl, gems and jade lots will be put up for sale through open tender system and specifying reserve prices as follows:-

| Sr. | Types of Lots | Reserve Price |
|---|---|---|
| (a) | Pearl | US$ 1,000 and above |
| (b) | Gems | € 5,00 and above |
| (c ) | Rough Jade | € 5,000 and above |
| (d) | Finished Jade Product | € 1,000 and above |

5. Foreign visitors who are eligible for the following qualifications will be granted admission to the **57th** Myanmar **Gems Emporium, 2022** excluding those blacklisted for their default on payment in the previous emporiums:-

(a) Those who requested the invitation card via the local represented companies.

(b) Those who requested the invitation card via the Foreign Jade Associations.

(c) Those who requested to receive the invitation card through the respective Embassies and Consulate - General.

(d) Those Foreign visitors are permissible to make bids for the lots up to the value of the **10-fold** of the minimum deposit paid by the types of gemstones.

The minimum amount of deposit to be paid and the amount permitted to bid are as follows:– 2

| Sr. | Types of Lots | Deposit to be paid | Permitted limit to bid |
|---|---|---|---|
| 1 | Pearl | US$ 2,000 | unlimited |
| 2 | Gems | € 2,000 | € 20,000 |
| 3 | Jade | € 20,000 | € 200,000 |

6. Making bids for lots more than the permitted limit is required to make additional deposit **(10% of its value)** to the Central Committee of Emporium (Deposit) Account opened at Myanma Economic Bank (Nay Pyi Taw). Deposit must be made by the preview deadline as below:–

| Sr. | Types of Lots | Sales System | Deposit Payment Date |
|---|---|---|---|
| 1 | Pearl | Open Tender | 22.4.2022 |
| 2 | Gems | Open Tender | 24.4.2022 |
| 3 | Jade | Open Tender | 25.4.2022 |

7. Starting from **April 18, 2022**, entrance card will be issued at the Maniradana Jade Hall, Registration Office to the foreign merchants who have already paid the deposit ahead.

8. Application Forms for admission to Emporium can be downloaded from provided website www.mge.gov.mm, starting from **April 10, 2022.** Application can also be submitted via On–Line Pre–Registration System from Myanmar Gems Enterprise website www.mge.gov.mm.

9. The requirements to make the entrance card are as follow:–

(a) Name, Passport and National Scrutiny Card No. (Passport Issuing Country)

(b) Clear Photocopy of Passport

(c) Clear two passport photos taken within one month

(d) Complete contact information, (to state Phone No., Fax No., E–mail and address)

(e) Admission fee – US$ 100.

(f ) Every Merchant must submit the Certificate of fully vaccination.

(g) According to the Covid-19 instructions stated by Ministry of Health, all Merchants will be tested for Covid-19 by RT-PCR on their arrival in Myanmar. The Medical cost and Health insurance premium will be borne by oneself.

10. Pearl, Gems and Jade lots can be checked from provided website emporium.mge.gov.mm . If buyer himself cannot attend the 57th Myanmar Gems Emporium, 2022 , his authorized representative will be allowed to inspect and purchase the Lots according to the terms and conditions.

11. Buyers themselves or their authorized representatives shall settle payment for the purchases within deadline as prescribed by the Sales Agreement.

12. Shipment of fully paid purchase to the buyer is made under the EXW(EX Works)System. Purchase will be timely dispatched once the buyer himself or his authorized representative has made full payment for the purchase. Emporium Central Committee will be responsible for loading the merchandise onto the Transportation Vehicles from the Emporium Hall while company will be held liable for the remaining processes on behalf of the buyer.

**Emporium Central Committee**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ သတင်းအချက်အလက်များ

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ **(၂၂)**ရက်နေ့မှ **(၂၈)**ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ပုလဲအတွဲများအတွက် အခြေခံဈေးနှုန်းကို နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်၍ တန်ဖိုးငွေပေးချေခြင်းကို နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေဖြင့် ပေးချေရမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်အတွဲများနှင့်ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးနှုန်းကို နိုင်ငံခြားသုံးငွေ ယူရို သတ်မှတ်၍ တန်ဖိုးငွေပေးချေခြင်းကို ယူရို(သို့မဟုတ်) အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေဖြင့် ပေးချေရမည် ဖြစ်ပါသည်။

၄။ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည် -

| စဉ် | အမျိုးအစား | အခြေခံဈေး |
|---|---|---|
| (က) | ပုလဲအတွဲများ | အမေရိကန်ဒေါ်လာ(၁၀၀၀)နှင့်အထက် |
| (ခ) | ကျောက်မျက်အတွဲများ | ယူရို(၅၀၀)နှင့်အထက် |
| (ဂ) | ကျောက်စိမ်းအတွဲများ | ယူရို(၅၀၀၀)နှင့်အထက် |
| (ဃ) | ကျောက်စိမ်းအချောထည် | ယူရို(၁၀၀၀)နှင့်အထက် |

၅။ ကျင်းပပြီးစီးခဲ့သော ရတနာပြပွဲများတွင် ငွေပေးချေရန် ပျက်ကွက်ခဲ့သည့် ပြည်ပရတနာကုန်သည်များမှအပ အောက်ဖော်ပြပါ ပြည်ပရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေကို ပေးသွင်း၍ ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ခွင့်ရှိပါသည် -

(က) ပြည်တွင်းအကျိုးဆောင်ကုမ္ပဏီများမှတစ်ဆင့် ဖိတ်စာတောင်းခံရရှိသူ၊

( ခ ) ပြည်ပကျောက်စိမ်းအသင်းအဖွဲ့များမှတစ်ဆင့် ဖိတ်စာတောင်းခံရရှိသူ၊

( ဂ ) သက်ဆိုင်ရာသံရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများမှ ဖိတ်စာရယူ၍ ပြပွဲတက်ရောက်မည့်သူ။

(ဃ) အဆိုပါ ပြည်ပရတနာကုန်သည်များသည် ကျောက်မျက်ရတနာအမျိုးအစားအလိုက် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အာမခံစပေါ်ငွေ နှုန်းထား အတိုင်း ပေးသွင်း၍ တန်ဖိုးသတ်မှတ်ချက်များအတိုင်း ဝယ်ယူနိုင်ပါသည် –

| စဉ် | ကျောက်တွဲ အမျိုးအစား | အနည်းဆုံးပေးသွင်းရမည့် အာမခံစပေါ်ငွေ | ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုး |
|---|---|---|---|
| (၁) | ပုလဲ | ၂,၀၀၀(US$) | – |
| (၂) | ကျောက်မျက် | ၂,၀၀၀(EURO) | ၂၀,၀၀၀(EURO) |
| (၃) | ကျောက်စိမ်း | ၂၀,၀၀၀(EURO) | ၂၀၀,၀၀၀(EURO) |

၆။ အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသော အာမခံစပေါ်ငွေအပေါ် ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုးထက် ပိုမိုဝယ်ယူလိုပါက ပိုမိုဝယ်ယူလိုသောတန်ဖိုး၏ (၁၀) ရာခိုင်နှုန်းကို အာမခံစပေါ်ငွေ အဖြစ် သက်ဆိုင်ရာကျောက်တွဲအမျိုးအစားအလိုက် အောက်ပါနေ့ရက်များတွင် အပြီးပေးသွင်းရမည် –

| စဉ် | ကျောက်အတွဲ အမျိုးအစား | ရောင်းချမည့်စနစ် | အာမခံစပေါ်ငွေ အပြီး ပေးသွင်းရမည့်နေ့ရက် |
|---|---|---|---|
| (က) | ပုလဲ | အိတ်ဖွင့်တင်ဒါ | ၂၂.၄.၂၀၂၂ |
| (ခ) | ကျောက်မျက် | အိတ်ဖွင့်တင်ဒါ | ၂၄.၄.၂၀၂၂ |
| (ဂ) | ကျောက်စိမ်း | အိတ်ဖွင့်တင်ဒါ | ၂၅.၄.၂၀၂၂ |

၇။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့မှစတင်၍ အာမခံစပေါ်ငွေပေးသွင်းပြီးသော ပြည်ပရတနာ ကုန်သည်များကို မဏိရတနာကျောက်စိမ်းခန်းမ၊ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံတွင် ရတနာကုန်သည်စိစစ်လက်ခံရေးအဖွဲ့က ပြပွဲဝင်ခွင့်ကတ်များ ကြိုတင်ပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၈။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့မှစတင်၍ ပြပွဲဝင်ခွင့်ပုံစံများကို **www. mge.gov.mm** တွင် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်ရန်နှင့် Online မှ တစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website **www.mge.gov.mm**, On-line Pre-Registration System တွင် ဝင်ရောက်လျှောက်ထားနိုင်ရန် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၉။ ရတနာပြပွဲဝင်ခွင့်ကတ်ပြုလုပ်ရာတွင်အောက်ပါအချက်အလက်များ လိုအပ်မည်ဖြစ်ပါသည် –

(က) အမည်နှင့်နိုင်ငံကူးလက်မှတ်အမှတ် (ပတ်စ်ပို့)၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (ပတ်စ်ပို့ထုတ်ပေးသည့်နိုင်ငံ)၊

(ခ) ကြည်လင်ပြတ်သားသော ပတ်စ်ပို့မိတ္တူ၊

(ဂ) (၁)လအတွင်း ရိုက်ကူးထားသော ကြည်လင်ပြတ်သားသည့် ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊

(ဃ) ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ E-mail ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန်၊

(င) ရတနာပြပွဲဝင်ကြေး အမေရိကန်ဒေါ်လာ(၁၀၀) ပေးသွင်းရမည်။

(စ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေး (Vaccine) (၂/၃) ကြိမ် ထိုးနှံပြီးစီးကြောင်း စာရွက်စာတမ်းအထောက်အထား ပူးတွဲတင်ပြရမည်။

(ဆ) ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ကိုဗစ် (PCR Test) စစ်ဆေးမှုများ ခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်နှင့် ကျန်းမာရေးအာမခံထားရှိရမည့် ကုန်ကျစရိတ်များကို ရတနာကုန်သည် ကိုယ်တိုင် ကျခံရမည်။

၁၀။ ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများ ဝယ်ယူသူရတနာကုန်သည်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website **emporium.mge.gov.mm**တွင် ကြည့်ရှုစစ်ဆေး၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး ရတနာကုန်သည် ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက သတ်မှတ်ချက်များနှင့်အညီ ကိုယ်စားလှယ်လွှဲအပ်၍ ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၁၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတက်ရောက်ဝယ်ယူမည့် ရတနာကုန်သည်နှင့် ရတနာကုန်သည်က ကိုယ်စားလှယ်လွှဲအပ်ထားသူများသည် ဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများအတွက် အရောင်းအဝယ်စာချုပ် (Sale Agreement)ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ကျောက်အတွဲတန်ဖိုးကို သတ်မှတ်ရက်အတွင်း ပေးချေရပါမည်။

၁၂။ ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဝယ်ယူခွင့်ရရှိပြီး တန်ဖိုးငွေပေးချေပြီးသော ကျောက်အတွဲများကို EX Works စနစ်ဖြင့် ဝယ်ယူသူထံတင်ပို့ရန် ဆောင်ရွက်ပေးပါသည်။ ကျောက်အတွဲဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်(သို့မဟုတ်) ရတနာကုန်သည်က ကိုယ်စားလှယ်လွှဲအပ်ထားသူမှ တန်ဖိုးငွေအပြည့်အဝပေးချေပြီးသည်နှင့် လျင်မြန်စွာ တင်ပို့နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိပါသည်။ EX Works စနစ်ဖြင့်ရောင်းချခြင်းဖြစ်၍ နေပြည်တော်၊ ပြပွဲခန်းမမှ မော်တော်ယာဉ်ပေါ်သို့ တင်ပို့ပေးခြင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရတနာပြပွဲဗဟိုကော်မတီက တာဝန်ယူဆောင်ရွက်ပေးပြီး ကျန်အပိုင်းများကို ဝယ်ယူသူ သို့မဟုတ် ဝယ်ယူသူ၏ ကိုယ်စားလှယ်ဖြစ်သည့် ပြည်တွင်းအကျိုးဆောင်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

# 2022 APRIL
# 57 th MYANMAR GEMS EMPORIUM



**THIS INVITATION CARD IS NOT TRANSFERABLE.**
**PLEASE BRING THIS CARD WITH YOU.**

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATURAL RESOURCES & ENVIRONMENTAL CONSERVATION
**MYANMAR GEMS EMPORIUM CENTRAL COMMITTEE**


# 2022 APRIL
# 57 th MYANMAR GEMS EMPORIUM


**NAY PYI TAW**

**Invitation Card**

## 57th MYANMAR GEMS EMPORIUM

## Programme

| | | | |
|---|---|---|---|
| 22 April 2022 | - | Viewing, Inspection & Putting bidding forms into the tender boxes for **Pearl** lots | 8:30 am - 4:30 pm |
| 23 - 24 April 2022 | - | Sale of **Pearl** lots by Open Tender System | 12:00 pm - 4:30 pm |
| 22 - 24 April 2022 | - | Viewing, Inspection & Putting bidding forms into the tender boxes for **Gems** lots | 7:30 am - 5:00 pm |
| 25 April 2022 | - | Sale of **Gems** lots by Open Tender System | 9:00 am - 5:00 pm |
| 22 - 25 April 2022 | - | Viewing, Inspection & Putting bidding forms into the tender boxes for **Jade** lots | 7:30 am - 5:00 pm |
| 26 - 28 April 2022 | - | Sale of **Jade** lots by Open Tender System | 8:00 am - 3:00 pm |

**V E N U E**

Display & Sale of Pearl, Gems & Jade Lots - MANIYADANAR JADE HALL
YARZA THINGAHA ROAD, NAYPYITAW, MYANMAR

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MYANMAR GEMS EMPORIUM CENTRAL COMMITTEE**

*have the pleasure in inviting*

*Messrs.......................................................................................& Co.*

*to the*

**57th MYANMAR GEMS EMPORIUM**

*to be held at Nay Pyi Taw as per attached programme*

*from 22 -28 April, 2022.*

**PLEASE REPLY BEFORE** 18 April, 2022.

**Naypyitaw Address** : Myanmar Gems Enterprise (Head Office)
Yarza Thingaha Road, Nay Pyi Taw, Myanmar.
**Fax** : +95 67 414497 **E-mail** : mge@e-monrec.gov.mm